# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၁ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၉ - ၉ - ၂၀၁၄ ]

# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ကုမ္ပဏီမှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်များ ထုတ်ပေးသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့ ထုတ်ပေးသည့် ကုမ္ပဏီမှတ်ပုံတင် နှင့် လုပ်ငန်း လိုင်စင်များနှင့်ပတ်သက်သည့် အသိပညာများကို ပြည်သူများရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်း ခရိုင်မြို့ကြီး များတွင် ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ရေကြည်မြို့၊ မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ပဲခူးမြို့နယ်၊ ဘုရားကလေးကျေးရွာ တိုက်နယ်ဆေးရုံဘေးရှိ တိမ်ကောနေသည့် ပေ (၆၀၀၀)ခန့် ရှည်လျားသောရိုးနှင့် မိုးယွန်းကြီးအင်းသို့ စီးဆင်းသော အရှည် ၄ မိုင်ခန့် တိမ်ကောနေသည့် ဆင်စုချောင်းတို့အား တူးဖော်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ပုဂ္ဂလိက အဖွဲ့အစည်း၊ ကုမ္ပဏီများမှ ကျွန်း၊ သစ်မာနှင့် အခြားသစ်ပင်များ စိုက်ပျိုးရန် လျှောက်ထားမှုအပေါ် လုပ်ငန်းလိုင်စင် ရရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိစစ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှုအစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

(ခ) ဒေါက်တာဝင်းမြင့်အောင်၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

(ဂ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(ဃ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

( င ) ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်

( စ ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။